# Message Six

# ကျွန်ုပ်တို့၏ဥပုသ်နေ့နားခိုခြင်းအဖြစ် ခရစ်တော်ကို ကောင်းသောပြည် ခါနန်မြေအားဖြင့် ပုံဆောင်ထားခြင်း

ဖတ်ရန်ကျမ်း။ ။ ဟေဗြဲ၊၃း၇-၄း၁၃

## I. ကျွန်ုပ်တို့သည် ဟေဗြဲစာစောင်ရှိ ဥပုသ်နေ့နားခိုခြင်းကို မှန်ကန်သင့်လျော်စွာ နားလည်ခြင်း ရှိလိုလျှင်၊ သမ္မာကျမ်းစာ၌ ဥပုသ်နေ့ နားခိုခြင်းအကြောင်း ပထမဆုံးဖော်ပြချက်၏ ပုံဆောင်ချက်ကို သိရန် လိုအပ်သည် - က၊၂း၂-၃။

A. ဘုရားသခင်သည် ခုနစ်ရက်မြောက်နေ့တွင် နားခိုခြင်းရှိတော်မူသည်၊ အကြောင်းမှာ ကိုယ်တော်၏အလုပ်ကို ပြီးစီး၍ ကျေနပ်နှစ်သိမ့်ခြင်း ရှိတော်မူသောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ ဘုန်းတော်သည် ထင်ရှားပေါ်ထွန်းခြင်း ရှိခဲ့သည်၊ အကြောင်းမှာ လူသည် ကိုယ်တော်၏ ပုံသဏ္ဌာန်တော် ရှိ၍၊ ကိုယ်တော်၏အုပ်စိုးခြင်းနှင့် ကိုယ်တော်၏ အခွင့်အာဏာသည် ကိုယ်တော်၏ ရန်သူကို အနိုင်ယူခြင်းငှာ လေ့ကျင့်လုပ်ဆောင်ခြင်း ရှိတော့မည်ဖြစ်သောကြောင့် ဖြစ်သည် - ၁း၂၆။

B. မြေကြီးပေါ်မှာ လူသည် ဘုရားသခင်ကို ထင်ရှားခြင်းနှင့် ဘုရားသခင်ကို ကိုယ်စားပြုခြင်းရှိသော အခြေအနေရှိသောအခါ ထိုအခြေအနေသည် ဘုရားသခင်အဖို့ ဥပုသ်နေ့နားခိုခြင်း ဖြစ်သည်။ ဥပုသ်နေ့နားခိုခြင်းသည် ကိုယ်တော်၏ စိတ်နှလုံးတော် အလိုဆန္ဒ၌ ဘုရားသခင်၏ ကျေနပ်နှစ်သိမ့်ခြင်းပင် ဖြစ်ပေသည် - အငယ်၊၂၆-၂၈။ ဟေဗြဲ၊၂း၆-၈က။

C. ဘုရားသခင်၏ ခုနစ်ရက်မြောက်နေ့သည် လူ၏ ပထမနေ့ ဖြစ်သည်။ လူသည် ဖန်ဆင်းခံရ ပြီးနောက် ဘုရားသခင်၏အလုပ်၌ ဆက်နွယ်ပါဝင်ခြင်း မရှိပါ၊ သို့သော် သူသည် ဘုရားသခင်၏ နားခိုခြင်းအထဲသို့ ဝင်ရောက်ခဲ့သည်။ လူသည် အလုပ်လုပ်ရန် ဖန်ဆင်းခံရခြင်းမဟုတ်ဘဲ၊ ဘုရားသခင်နှင့်အတူ ကျေနပ်နှစ်သိမ့်ခြင်းရှိရန်နှင့် ဘုရားသခင်နှင့်အတူ နားခိုခြင်းရှိရန် ဖန်ဆင်းခံရခြင်း ဖြစ်သည် - ညွှန်း၊ မ၊၁၁း၂၈-၃၀။

D. ဥပုသ်နေ့သည် ဘုရားသခင်က အရာခပ်သိမ်းကို လုပ်ဆောင်ပြီးစီးခြင်း၊ အရာခပ်သိမ်းကို ပြည့်စုံစေခြင်းနှင့် အရာခပ်သိမ်းကို ပြင်ဆင်ပြီးစီးခြင်း ရှိခဲ့ပြီး၊ လူသည် သူ၏အလုပ်အားလုံးကို ရပ်တန့်ရမည်ဖြစ်ကြောင်း ပုံဆောင်သည်။ ဥပုသ်နေ့ကို စောင့်ထိန်းခြင်းမှာ ကျွန်ုပ်တို့၏အလုပ်ကို ရပ်တန့်၍ ဘုရားသခင်ကို ယူဆောင်ခြင်း၊ ကိုယ်တော်က ကျွန်ုပ်တို့အဖို့ ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှု၊ နားခိုမှုနှင့် ကျေနပ်နှစ်သိမ့်မှုအဖြစ် ပြီးစီးခဲ့ပြီးသော အရာအားလုံးကို ယူဆောင်ခြင်း ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏စီမံကိန်းဖြစ်သည် - ထွ၊၂၀း၈။

E. ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏အဆုံးစွန်နှင့် ထာဝရဖြစ်သော ဥပုသ်နေ့နားခိုခြင်းဖြစ်လိမ့်မည်ဖြစ်သည်၊ အကြောင်းမှာ ထိုနေရာတွင် ရွေးနုတ်ခံသန့်ရှင်းသူများအားလုံးသည် ဘုန်း

တော်၌ ဘုရားသခင်ကို အပြည့်အဝထင်ရှားခြင်းရှိကာ၊ ထာဝရကာလပတ်လုံး ဘုရားသခင်၏ အခွင့်အာဏာဖြင့် စိုးစံခြင်းရှိမည်ဖြစ်သောကြောင့်တည်း - ဗျာ၊၂၁း၁၀-၁၁။ ၂၂း၁၄က၊ ၅ခ။

**II. ဥပုသ်နေ့နားခိုခြင်းသည် ကျွန်ုပ်တို့၏နားခိုရာအဖြစ် ခရစ်တော်ဖြစ်ပြီး၊ ယင်းကို ကောင်းသောပြည် ခါနန်မြေအားဖြင့် ပုံဆောင်ထားသည် (တရား၊၁၂း၉။ ဟေဗြဲ၊၃း၇-၄း၁၃)။ ခရစ်တော်သည် အဆင့် သုံးဆင့်၌ သန့်ရှင်းသူများအဖို့ နားခိုရာဖြစ်သည်။**

A. အသင်းတော်ခေတ်၌ ကောင်းကင်ဆိုင်ရာခရစ်တော် တည်းဟူသော ဘုရားသခင်ကို ထင်ရှား စေခြင်း၊ ကိုယ်စားပြုခြင်းနှင့် ကျေနပ်နှစ်သိမ့်စေခြင်းရှိသောအရှင်၊ ကိုယ်တော်၏အလုပ်မှ နား ခို၍ ကောင်းကင်များ၌ ဘုရားသခင်၏ လက်ယာတော်ဘက်၌ ထိုင်နေတော်မူသောအရှင်သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကျွန်ုပ်တို့ထံ နားခိုခြင်း ဖြစ်သည် (မ၊၁၁း၂၈-၂၉)။ ဟေဗြဲ၊၄း၉ ရှိ ဥပုသ်နေ့ နားခိုခြင်းသည် ကောင်းသောမြေ ခါနန်ပြည်အားဖြင့် ပုံဆောင်ထားသည့် ကျွန်ုပ်တို့၏ နားခိုရာ အဖြစ် ခရစ်တော်ဖြစ် သည် (တရား၊၁၂း၉။ ဟေဗြဲ၊၄း၈)။

B. စာတန်ကို မြေကြီးမှ ဖယ်ရှားခဲ့ပြီးနောက် မိလေနီနိုင်ငံတော်၌ (ဗျာ၊၂၀း၁-၃) ဘုရားသခင်သည် ခရစ်တော်နှင့် အောင်မြင်သော သန့်ရှင်းသူများအားဖြင့် ထင်ရှားခြင်း၊ ကိုယ်စားပြုခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်း ရှိလိမ့်မည်ဖြစ်သည်။ ထိုအခါ နိုင်ငံတော်နှင့် အတူ ခရစ်တော်သည် အောင်မြင်သော သန့်ရှင်းသူများအဖို့ ပို၍ ပြည့်ဝသောနည်းလမ်း၌ နားခိုခြင်းဖြစ်မည်ဖြစ်ကာ၊ သူတို့ သည် ကိုယ်တော်နှင့် တွဲဖက်ဘုရင်များဖြစ်၍ (အငယ်၊၄၊ ၆) ကိုယ်တော်၏ နားခိုခြင်းကို မျှဝေခြင်းနှင့် မွေ့လျော်ဝမ်းမြောက် ခြင်း ရှိကြလိမ့်မည်ဖြစ်သည်။

C. နောက်ဆုံးသောရန်သူဖြစ်သည့် သေခြင်းအပါအဝင် ရန်သူများအားလုံး ကိုယ်တော်ထံသို့ ဝန်ခံ ခြင်း ရှိစေပြီးနောက် (၁ကော၊ ၁၅း၂၄-၂၇) ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ အရာအားလုံး အောင်နိုင်သောအရှင်အဖြစ် ခရစ်တော်သည် ထာဝရကာလပတ်လုံး ဘုရားသခင်၏ ရွေးနုတ်ခံ များအားလုံးအဖို့ အပြည့်ဝဆုံးနည်းလမ်း၌ နားခိုခြင်း ဖြစ်လိမ့်မည်ဖြစ်သည်။

D. ဟေဗြဲ၊၄း၈-၉ တွင် ဖော်ပြထားသည့် ဥပုသ်နေ့နားခိုခြင်းသည် ပထမအဆင့်နှစ်ဆင့်၌ ကျွန်ုပ်တို့ ၏ နားခိုခြင်းအဖြစ် ခရစ်တော်ကို ရည်ညွှန်းပြီး၊ အထူးသဖြင့် ဒုတိယအဆင့် - ကျွန်ုပ်တို့က လုံ့လဝီရိယရှိစွာ ရှာဖွေခြင်းနှင့် ဝင်ရောက်ခြင်းရှိရန်အတွက် ကျန်ရှိနေမည့် နားခိုခြင်းကို ရည် ညွှန်းသည်။

1. ပထမအဆင့်နှစ်ဆင့်ရှိ နားခိုခြင်းသည် သခင်ဘုရား၏ လုံ့လဝီရိယရှိသော ရှာဖွေသူများ အဖို့၊ ကိုယ်တော်ကို ပြည့်ဝသောနည်းလမ်း၌ မွေ့လျော်ဝမ်းမြောက်ကာ အောင်မြင်သောသူ များ ဖြစ်လာသည့်သူများအဖို့ ဆု ဖြစ်သည်။ တတိယအဆင့်၌ရှိသော နားခိုခြင်းမှာ ဆု မဟုတ်ဘဲ၊ ရွေးနုတ်ခံရသူများအားလုံးထံသို့ အပြည့်အဝ ခွဲဝေပေးထားသော ဝေစုဖြစ် သည်။

2. ကိုယ်တော်သည် ကျွန်ုပ်တို့၏နားခိုခြင်းဖြစ်သည့် ဒုတိယအဆင့်၌ ခရစ်တော်သည် မြေကြီးတစ်ပြင်လုံးကို ကိုယ်တော်၏ အမွေဥစ္စာအဖြစ် သိမ်းယူပိုင်ဆိုင်မည်ဖြစ်ပြီး၊ နှစ်ပေါင်းတစ်ထောင်လုံးလုံး ကိုယ်တော်၏နိုင်ငံတော် ဖြစ်စေမည်ဖြစ်သည် - ဆာ၊၂း၈။ ဟေဗြဲ၊၂း၅-၆။
3. ခရစ်တော်သည် ကျွန်ုပ်တို့၏နားခိုခြင်းဖြစ်သည့် ဒုတိယအဆင့်၌ ပထမအဆင့်တွင် ကိုယ်တော်ကို သူတို့၏နားခိုခြင်းအဖြစ် ရှာဖွေ၍ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ကြသော ကိုယ်တော်၏ အောင်မြင်သော ယုံကြည်သူများအားလုံးသည် မိလေနိကာလတွင် ကိုယ်တော်၏စိုးစံခြင်း၌ ပါဝင်ဆက်ဆံကြလိမ့်မည်ဖြစ်သည် (ဗျာ၊၂၀း၄၊ ၆။ ၂တိ၊၂း၁၂)။ သူတို့သည် မြေကြီးကို အမွေခံရလိမ့်မည်ဖြစ်ပြီး (မ၊၅း၅။ ဆာ၊၃၇း၁၁။ လု၊၁၉း၁၇၊ ၁၉)၊ သူတို့သခင်၏ ဝမ်းမြောက်ခြင်းကို ပါဝင်ဆက်ဆံကြရလိမ့်မည်ဖြစ်သည် (မ၊၂၅း၂၁၊ ၂၃)။

**III. ကျွန်ုပ်တို့သည် မဿဲ ၁၁း၂၈-၃၀ ရှိ သခင်ဘုရား၏စကားတော်ကို အလေးထားဂရုစိုက်ရန် လိုအပ်သည် - "ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် နားခိုခြင်းကို ပေးမည်။ ငါ့ထမ်းပိုးကို တင်၍ ထမ်းကြလော့။ ငါ့ထံမှ သင်ယူကြလော့။ ငါသည် စိတ်နှလုံး၌ နူးညံ့သိမ်မွေ့၍ နှိမ့်ချမှုရှိ၏။ သင်တို့ စိတ်များသည် နားခိုခြင်းကို ရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းပိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း ပေါ့၏"။**

A. ပင်ပန်းခြင်းမှာ ပညတ်တရား၏ ပညတ်ချက်များနှင့် ဘာသာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို စောင့်ထိန်းရန် ကြိုးစားအားထုတ်ခြင်း၏ ပင်ပန်းမှုကိုသာမက၊ မည်သည့်အလုပ်၌မဆို အောင်မြင်ကြီးပွားရန် ရုန်းကန်အားထုတ်ခြင်း၏ ပင်ပန်းမှုကိုလည်း ရည်ညွှန်းသည်။ သို့ဖြစ်၍ ပင်ပန်းသောသူမှန်သမျှသည် အမြဲပင် အလွန်လေးလံစွာ ဝန်ကိုထမ်းခြင်း ရှိလေသည်။

B. နားခိုခြင်းမှာ ပညတ်တရား သို့မဟုတ် ဘာသာတရားအောက်တွင် သို့မဟုတ် မည်သည့်အလုပ် သို့မဟုတ် တာဝန်ဝတ္တရားအောက်တွင် ပင်ပန်းခြင်းနှင့် ဝန်လေးခြင်းမှ လွတ်မြောက်ခြင်းကိုမျှသာမက၊ ပြည့်စုံသော ငြိမ်သက်ခြင်းနှင့် ပြည့်ဝသော ကျေနပ်နှစ်သိမ့်ခြင်းကိုလည်း ရည်ညွှန်းသည်။

C. သခင်ဘုရား၏ထမ်းပိုးကို ယူဆောင်ခြင်းမှာ ခမည်းတော်၏ အလိုတော်ကို ယူဆောင်ခြင်း ဖြစ်သည်။ ၎င်းသည် ပညတ်တရား သို့မဟုတ် ဘာသာတရား၏ မည်သည့် တာဝန်ဝတ္တရားအားဖြင့်မျှ စည်းကြပ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်း သို့မဟုတ် မည်သည့်အလုပ်အားဖြင့်မျှ ကျွန်ခံစေခြင်း ရှိစေရန်မဟုတ်ဘဲ၊ ခမည်းတော်၏အလိုတော်အားဖြင့် အနိုင်အထက်သွေးဆောင်ခံရ စေဖို့ဖြစ်သည်။

D. သခင်ဘုရားသည် ထိုသို့သော အသက်တာကို အသက်ရှင်ခဲ့ပြီး၊ အခြားဘာကိုမျှ ဂရုမစိုက်ဘဲ ခမည်းတော်၏အလိုတော်ကိုသာ ဂရုစိုက်ခဲ့သည် (ယော၊၄း၃၄။ ၅း၃၀။ ၆း၃၈။ ဟေရှာ၊၄၂း၄က။ ညွှန်း၊ ၅၃း၂။ ၁၁း၁-၄က)။ ကိုယ်တော်သည် မိမိကိုယ်ကို ခမည်းတော်၏ အလိုတော်သို့ အပြည့်

အဝ ဝန်ခံခြင်းရှိခဲ့သည် (မ၂၆း၃၉၊ ၄၂)။ ထို့ကြောင့် ကိုယ်တော်က ကျွန်ုပ်တို့အား သူ့ထံမှ သင်ယူရန် တောင်းဆိုနေခြင်းဖြစ်သည် (ဧ၄း၂၀-၂၁)။

E. နူးညံ့သိမ်မွေ့ခြင်း သို့မဟုတ် ညင်သာမှုရှိခြင်း ဆန့်ကျင်မှုကို တန်ပြန်ခုခံမှုမရှိခြင်းအား ဆိုလိုပြီး၊ နှိမ့်ချခြင်းမှာ မိမိကိုယ်ကို အထင်ကြီးမှု မရှိခြင်းကို ဆိုလိုသည်။ ကိုယ်တော်သည် ခမည်းတော်၏အလိုတော်သို့ အပြည့်အဝ ဝန်ခံခဲ့ပြီး၊ မိမိကိုယ်တိုင်အဖို့ ဘာကိုမျှ အလိုမရှိပါ သို့မဟုတ် မိမိကိုယ်တိုင်အဖို့ တစ်စုံတစ်ရာ အမြတ်ရယူဖို့ မမျှော်လင့်ခဲ့ပါ။ သို့ဖြစ်၍ မည်သည့်အခြေအနေမှာမဆို ကိုယ်တော်သည် သူ၏စိတ်နှလုံးတော်၌ နားခိုခြင်းရှိခဲ့သည်။ ကိုယ်တော်သည် ခမည်းတော်၏ အလိုတော် ဖြင့် အပြည့်အဝ ကျေနပ်နှစ်သိမ့်ခြင်း ရှိခဲ့သည်။

F. သခင်ဘုရား၏ ထမ်းပိုးကို ထမ်း၍ ကိုယ်တော်ထံမှ သင်ယူခြင်းအားဖြင့် ကျွန်ုပ်တို့ရှာတွေ့သောနားခိုခြင်းမှာ ကျွန်ုပ်တို့၏ စိတ်များအတွက် ဖြစ်သည်။ ၎င်းသည် အတွင်းပိုင်း နားခိုခြင်းဖြစ်ပြီး၊ သဘောသဘာဝ၌ အပြင်ပိုင်း သက်သက်မျှရှိခြင်း တစ်စုံတစ်ရာ မဟုတ်ပါ။

G. သခင်ဘုရား၏ထမ်းပိုးမှာ ခမည်းတော်၏ အလိုတော်ဖြစ်ပြီး၊ ကိုယ်တော်၏ ဝန်သည် ခမည်းတော်၏အလိုတော်ကို သယ်ဆောင်ခြင်းအလုပ်ဖြစ်သည်။ ထိုသို့သော ထမ်းပိုးသည် ထမ်းလွယ်ပြီး၊ ခါးသီးခြင်း မရှိပါ၊ ထိုသို့သောဝန်သည် ပေါ့ပြီး၊ လေးလံခြင်း မရှိပါ - ညွှန်း၊ မာလ၊၃း၁၄။

H. ကိုယ်တော်၏ ထမ်းပိုးသည် ထမ်းလွယ်ခြင်းမှာ ကိုယ်တော်ထမ်းပိုးဖြစ်သည့် ခမည်းတော်၏အလိုတော်သည် ကောင်းမွန်ခြင်း၊ ကြင်နာခြင်း၊ နူးညံ့ခြင်း၊ ညင်သာခြင်း၊ နှစ်လိုဖွယ်ဖြစ်ခြင်း ရှိပြီး၊ ခက်ခဲခြင်း၊ ကြမ်းတမ်းခြင်း၊ ချွန်ထက်ခြင်း၊ ခါးသီးခြင်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

## IV. ထွက်မြောက်ရာ ၃၁း၁၂-၁၇ တွင် ဥပုသ်နေ့သည် တဲတော် တည်ဆောက်ခြင်းအတွက် မိန့်မှာခြင်းနောက်တွင် လိုက်လာကြောင်း ဖွင့်ပြထားသည်။

A. "… ငါသည် သင်တို့ကို သန့်ရှင်းစေသော ယေဟောဝါဖြစ်ကြောင်းကို သင်တို့ သိစေခြင်းငှာ၊ သင်တို့၏ မျိုးဆက်များတစ် လျှောက် ငါနှင့် သင့်စပ်ကြား၌ <u>လက္ခဏာသက်သေ</u> ဖြစ်ဖို့ရာ၊ ငါ့ဥပုသ်နေ့များကို စင်စစ် စောင့်ရကြမည်။ သို့ဖြစ်၍ <u>အစဉ်အမြဲ တည်သော ပဋိညာဉ်</u>အဖြစ် မျိုးဆက်များတစ်လျှောက် ဥပုသ်နေ့ကို စောင့်စေခြင်းငှာ အစ္စရေးအမျိုးသားတို့သည် ဥပုသ်နေ့ကို စောင့်ထိန်းကြရမည်။ ထိုသို့စောင့်လျှင်၊ ငါနှင့် အစ္စရေးအမျိုးသား စပ်ကြား၌ အစဉ် လက္ခဏာသက်သေ ဖြစ်လိမ့်မည်။ အကြောင်းမူကား ယေဟောဝါသည် ကောင်းကင်နှင့် မြေကြီးကိုခြောက်ရက်လုံး ဖန်ဆင်း၍၊ သတ္တမနေ့ရက်၌ <u>နားနေလျက်၊ အားဖြည့်တော်မူသည်"</u> - အငယ်၊ ၁၃၊ ၁၆-၁၇။

B. သတ္တမနေ့၌ ဘုရားသခင်သည် "နားနေလျက် အားဖြည့်တော်မူသည်"။ လူသည် ဘုရားသခင်၏လန်းဆန်းအားဖြည့်ခြင်းဖြစ်သည်၊ အကြောင်းမှာ လူသည် ဝိညာဉ်ပါလျက် ဘုရားသခင် ကိုယ်တိုင်၏ ပုံသဏ္ဌာန်တော်၌ ဖန်ဆင်းခံရကာ၊ ထိုသို့ဖြင့် လူသည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့နိုင်ပြီး ဘုရားသခင်၏အပေါင်းအဖော်နှင့် အဖော်အဖက်ဖြစ်နိုင်မည်ဖြစ်သောကြောင့်ဖြစ်သည်။

C. ကျွန်ုပ်တို့သည် အောက်ပါ ဘုရားဆိုင်ရာမူအလေ့အလာကို မြင်ရန် လိုအပ်သည် - ဘုရားသခင်သည် ရှေ့ဦးစွာ ကျွန်ုပ်တို့ကို မွေ့လျော်ဝမ်းမြောက်မှုဖြင့် မစပေးပြီး၊ ထိုနောက် ကိုယ်တော်နှင့်အတူ ကျွန်ုပ်တို့အလုပ်လုပ်ကြသည်။ ကိုယ်တော်၏အလုပ်၌ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ရမည်ဖြစ်သည်။

D. ပင်တေကုတ္တေနေ့၌ တပည့်တော်များသည် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြင့် ပြည့်ဝခဲ့ကြသည် - "ဤသူတို့သည် စပျစ်ရည်အသစ်နှင့် ပြည့်ဝသည်" (တ၊၂း၁၃)။ ထိုနောက် ပေတရုနှင့် တစ်ဆယ့်နှစ်ဦးတို့သည် သခင်ဘုရားနှင့် အတူတကွ လုပ်ဆောင်ရန် ထကြသည် (အငယ်၊၁၄)။

E. ဘုရားသခင်အဖို့ ၎င်းသည် အလုပ်လုပ်ခြင်းနှင့် နားခိုခြင်းအကြောင်းအရာဖြစ်သည်။ လူအဖို့ ၎င်းသည် နားခိုခြင်းနှင့် အလုပ် လုပ်ခြင်းအကြောင်းအရာဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်းအားဖြင့် သခင်ဘုရားနှင့်အတူ အလုပ်လုပ်ကြသည်။

F. ဘုရားသခင်၏လူများအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့၏ခွန်အား၊ စွမ်းအင်နှင့် အရာခပ်သိမ်းအဖြစ် လိုအပ်ကြောင်း အမှတ်လက္ခဏာ ဆောင်သင့်ပါသည်၊ သို့မှသာ ခရစ်တော်၏ ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ကိုယ်တော်နှင့်အတူတကွ ကျွန်ုပ်တို့အလုပ်လုပ်ရန် တတ်စွမ်းနိုင်ကြမည်ဖြစ်သည်။ ဤအရာက ကိုယ်တော်ကို အသရေထင်ရှားစေ၍၊ ဘုန်းကြီးစေခြင်း ရှိသည် - ၁ကော၊၁၅း၁၀၊ ၅၈။

G. ကျွန်ုပ်တို့ဆောင်ထားသည့် အမှတ်လက္ခဏာမှာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ နားခိုခြင်း၊ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၊ ဘုရားသခင်နှင့် အားဖြည့်လန်းဆန်းခြင်း၊ ဦးစွာ ဘုရားသခင်နှင့် ဖြည့်ခြင်းခံခြင်းပင် ဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ တစ်လုံးတစ်ဝဖြစ်ခြင်း၌ ကျွန်ုပ်တို့ကို ဖြည့်ပေးသောအရှင်နှင့်အတူတကွ လုပ်ဆောင်ခြင်း ရှိကြသည်။ ဤအရာသည် ဘုရားသခင်နှင့်အတူ ထာဝရပဋိညာဉ်၊ ထာဝရစာချုပ်ချုပ်ခြင်းဖြစ်သည်။

**V. ခရစ်တော်ကို ကောင်းသောမြေအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်း၏ နည်းလမ်းမှာ "သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည် ဖြစ်၍၊ စိတ်နှင့် ဝိညာဉ်ကိုလည်းကောင်း၊ အရိုးဆစ်နှင့် ခြင်ဆီကိုလည်းကောင်း ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်သော၊ စိတ်နှလုံး အကြံအစည်များနှင့် ရည်ရွယ်ချက်များကိုလည်း သိမြင်တတ်သော" ဘုရားသခင်၏ အသက်ရှင်၍ ပြုပြင်လုပ်ဆောင်တတ်သော နှုတ်ကပတ်တော် ဖြစ်သည် - ဟေဗြဲ၊၄း၁၂။**

A. အစ္စရေးအမျိုးသားတို့သည် ဓမ္မသစ်ယုံကြည်သူများဖြစ်ကြသော ကျွန်ုပ်တို့က (၁ကော၊ ၁၀း၆က၊ ၁၁) ဘုရားသခင်၏ ပြည့်စုံသော ကယ်တင်ခြင်း၌ပါဝင်ဆက်ဆံခြင်း၏ ပုံဆောင်ချက်ဖြစ်သည်။

သင်တန်းကောက်နုတ်ချက်များ

1. ပထမအဆင့်တွင် ကျွန်ုပ်တို့သည် ခရစ်တော်ကို လက်ခံရရှိကြကာ၊ လောကမှ ရွေးနုတ်ခြင်းနှင့် လွတ်မြောက်စေခြင်း ခံရကြသည်၊ ယင်းမှာ အစ္စရေးအမျိုးသားတို့သည် အီဂျစ်ပြည်မှ လွတ်မြောက်ခံရခြင်းကဲ့သို့ဖြစ်သည်။
2. ဒုတိယအဆင့်၌ ကျွန်ုပ်တို့သည် သခင်ဘုရား နောက်တော်လိုက်ခြင်း၌ လှည့်လည်သွားနေသူများ ဖြစ်လာကြသည်၊ ယင်းမှာ အစ္စရေးအမျိုးသားတို့သည် ကန္တာရတော၌ လှည့်လည်သွားနေခြင်းကဲ့သို့ ဖြစ်သည်။ ကျွန်ုပ်တို့၏ လှည့်လည်နေခြင်းမှာ အမြဲပင် ကျွန်ုပ်တို့၏စိတ်၌ ဖြစ်ပေါ်လေသည်။
3. တတိယအဆင့်၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို ပြည့်ဝသောနည်းလမ်း၌ ယူဆောင်စားသုံးခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိကြသည်၊ ယင်းမှာ အစ္စရေးအမျိုးသားတို့က ကောင်းသောမြေ၏ ကြွယ်ဝခြင်းများကို ယူဆောင်စားသုံးခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းကဲ့သို့ဖြစ်သည်။ ဤအတွေ့အကြုံသည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ဖြစ်သည်။
4. ဟေဗြဲ ယုံကြည်သူများသည် သူတို့၏ ဟေဗြဲဘာသာတရားဖြင့် မည်သို့လုပ်ရမည်ကို သူတို့အသိဉာဏ်၌ တွေးတောကြံစည်နေကြပြီး၊ သူတို့အသိဉာဏ်၌ ဤတွေးတောကြံစည်ခြင်းသည် သူတို့စိတ်၌ လှည့်လည်နေခြင်းဖြစ်ပြီး၊ သူတို့ဝိညာဉ်၌ ခရစ်တော်ကို တွေ့ကြုံခံစားခြင်း မဟုတ်ပါ။

B. ဟေဗြဲစာစောင်၏ စာရေးသူက ဟေဗြဲယုံကြည်သူများအား သူတို့စိတ်၏ လှည့်လည်နေခြင်း၌ ယိမ်းယိုင်နေခြင်းမရှိဘဲ၊ သူတို့၏ ဝိညာဉ်အထဲသို့ ရှေ့ဆက်တိုးဝင်၍ ကောင်းကင်ဆိုင်ရာ ခရစ်တော်ကို ယူဆောင်ကာ မွေ့လျော်ဝမ်းမြောက်ရန် အကြံပြုပေးခဲ့သည်။

1. ကောင်းကင်ရှိ ပလ္လင်တော်ပေါ်မှာ ထိုင်နေတော်မူသော ထိုခရစ်တော်သည် (ရော၊၈း၃၄) ယခုတွင် ကျွန်ုပ်တို့၌ (အငယ်၊ ၁၀)၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ (၂တိ၊၄း၂၂) ရှိနေကာ၊ ယင်းမှာ ဘုရားသခင်၏ကိန်းဝပ်နေရာ ရှိသည့်နေရာဖြစ်သည် (ဧ၊၂း၂၂)။
2. ကောင်းကင်တံခါးဖြစ်သော ဘုရားသခင်၏အိမ်တော်၊ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာဖြစ်သည့် ဗေသလ၌ ခရစ်တော်သည် မြေကြီးမှ ကောင်းကင်သို့ ဆက်နွှယ်သော၊ ကောင်းကင်ကို မြေကြီးသို့ ယူဆောင်လာသော လှေကားဖြစ်သည် (က၊ ၂၈း၁၂-၁၇။ ယော၊၁း၅၁)။ ယနေ့ ကျွန်ုပ်တို့၏ဝိညာဉ်သည် ဘုရားသခင်၏ကိန်းဝပ်ရာ နေရာဖြစ်သောကြောင့် ယင်းသည် ယခု ကောင်းကင်၏ တံခါးဖြစ်ပြီး၊ မြေကြီးပေါ်မှ လူများဖြစ်သည့် ကျွန်ုပ်တို့ကို ကောင်းကင်သို့ ဆက်နွှယ်၍ ကောင်းကင်ကို မြေကြီးသို့ ယူဆောင်လာသော လှေကားဖြစ်သည့် ခရစ်တော် ရှိရာနေရာဖြစ်သည်။
3. ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်သို့ လှည့်ပြန်လာသောအခါတိုင်း ကောင်းကင်တံခါးမှတဆင့် ကျွန်ုပ်တို့ ဝင်ရောက်ကာ၊ ကောင်းကင်ဆိုင်ရာလှေကားအဖြစ် ခရစ်

တော်မှတဆင့် ကောင်းကင်ရှိ ကျေးဇူးတော်ပလ္လင်ကို ထိတွေ့ခြင်း ရှိကြသည် - ဟေဗြဲ၊ ၄း၁၆။

4. ယိမ်းယိုင်သွားနေသော ဟေဗြဲယုံကြည်သူများသည် သူတို့၏စိတ်၌ လှည့်လည်သွားနေကြကာ၊ သူတို့၏ဝိညာဉ်ကို ငြင်းပယ်ခဲ့ကြသည်၊ သို့သော် ပဋိညာဉ်သစ်သည် ကျွန်ုပ်တို့၏စိတ်၌ မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိသော အကြောင်းအရာ လုံးလုံး ဖြစ်သည် - ရော၊ ၈း၁၆။ ၂တိ၊၄း၂၂။ ဂလ၊၆း၁၈။

C. ဟေဗြဲယုံကြည်သူများ၏ စိတ်သည် ၎င်း၏ တွေးတောကြံစည်နေသော အသိဉာဏ်၊ ဘုရားသခင်၏ကယ်တင်ခြင်းနည်းလမ်း နှင့်စပ်လျဉ်း၍ သံသယဝင်ခြင်းနှင့် မိမိကိုယ်ပိုင် စိတ်ဝင်စားမှုများကိုသာ ဆင်ခြင်စဉ်းစားခြင်းတို့နှင့်အတူ ရှိနေ၍၊ ၎င်းကို ဘုရားသခင်၏ အသက်ရှင်သော၊ ပြုပြင်တတ်သော၊ ထိုးဖောက်နိုင်သော နှုတ်ကပတ်တော်အားဖြင့် ချိုးဖဲ့ခံရမည်ဖြစ်သည်၊ သို့မှသာ သူတို့၏ဝိညာဉ်သည် သူတို့၏စိတ်မှ ပိုင်းခြားခံရနိုင်မည်ဖြစ်သည် - ဟေဗြဲ၊၄း၁၂။

1. ခြင်ဆီသည် အရိုးအဆစ်အတွင်းနက်နဲ၌ ဖုံးကွယ်ထားသည့်နည်းတူ၊ ဝိညာဉ်သည် စိတ်၌ နက်ရှိုင်းစွာ ရှိနေသည်။ အရိုး ဆစ်မှ ခြင်ဆီကို ပိုင်းခြားရန် အရိုးဆစ်ကို အဓိကအားဖြင့် ချိုးဖဲ့ရသည့်နည်းတူ၊ စိတ်မှ ဝိညာဉ်ကို ပိုင်းခြားရန် စိတ်ကို ချိုးဖဲ့ခြင်း လိုအပ်နေသည် - ၁ပေ၊၃း၄။

2. ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို ဖတ်သောအခါတိုင်း ၎င်းသည် အသက်ရှင်ခြင်း၊ စွမ်းအားပေးခြင်းနှင့် ထက်ခြင်း ရှိ၍၊ ကျွန်ုပ်တို့၏ဝိညာဉ်မှ ကျွန်ုပ်တို့၏စိတ်ကို ပိုင်းခြားခြင်း၊ ကျွန်ုပ်တို့၏ စဉ်းစားခြင်းများနှင့် ရည်ရွယ်ချက်များကို ပိုင်းခြားသိမြင်ကာ၊ မည်သည့်အရာမှ အတ္တအဖို့ အတ္တ၏အရာဖြစ်ကြောင်းနှင့် မည်သည့်အရာမှာ ဘုရားသခင်၏အရာ ဘုရားသခင်အဖို့ဖြစ်ကြောင်း ဖွင့်ပြနိုင်လောက်သည့်အထိ ရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို ဝိညာဉ်၌ ဆုတောင်းခြင်းအမျိုးမျိုးအားဖြင့် ယုံကြည်ခြင်းနှင့်အတူ ရောနှောရမည်၊ သို့မှသာ ၎င်းသည် အသက်ရှင်ခြင်းနှင့် ပြုပြင်လုပ်ဆောင်ခြင်း ရှိနိုင်မည်ဖြစ်သည် - ဟေဗြဲ၊၄း၂။ ဧ၊၆း၁၇-၁၈။

3. ဘုရားသခင်၏ အသက်ရှင်သော နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ထိုးဖောက်ဝင်၍၊ တွေးတောကြံစည်သော အသိဉာဏ်နှင့် လှည့်လည်နေသော စိတ်မှ ကျွန်ုပ်တို့ဝိညာဉ်ရှိ ဥပုသ်နေ့နားခိုခြင်းအဖြစ် ခရစ်တော်အထဲသို့ လွတ်မြောက်စေခြင်း ရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် စိတ်၏လှည့်လည်နေခြင်း၌ ယိမ်းယိုင်နေသောသူများ မဖြစ်သင့်ဘဲ၊ စိတ်ကို ငြင်းပယ်ကာ၊ ဝိညာဉ်အထဲသို့ ရှေ့ဆက်တိုးဝင်ပြီး၊ ကောင်းကင်ဆိုင်ရာ ခရစ်တော်ကို ယူဆောင်စားသုံးခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းရှိရမည်၊ သို့မှသာ ကျွန်ုပ်တို့သည် မိလေနီကာလ၌ ကိုယ်တော်စိုးစံခြင်း၏ နိုင်ငံတော် နားခိုခြင်း၌ ပါဝင်ဆက်ဆံနိုင်မည် ဖြစ်သည်။